**စံပယ်ပန်းနှင့်တိုင်းရင်းဆေးပညာအကြောင်းသိကောင်းစရာ**

ဒေါ်နေနေနိုင်ရည်
လက်ထောက်ညွှန်ကြားရေးမှူး(ဖွံ့ဖြိုးရေး)
တိုင်းရင်းဆေးပညာဦးစီးဌာန

**သောတရှင်များရှင်-**

ဒီတစ်ပတ်သုတအဖြာဖြာတိုင်းရင်းဆေးအစီအစဉ်မှာဆွေးနွေးတင်ပြမဲ့အကြောင်းအရာကတော့ စံပယ်ပန်းနှင့်တိုင်းရင်းဆေးပညာအကြောင်းပဲဖြစ်ပါတယ်ရှင်-------

ဒီအစီစဉ်ကိုဆွေးနွေးပေးမဲ့ သူကတော့တိုင်းရင်းဆေးပညာဦးစီးဌာန၊ဖွံ့ဖြိုးရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(ဖွံ့ဖြိုးရေး) ဆရာမဒေါ်နေနေနိုင်ရည်ဖြစ်ပါတယ်ရှင် -----

**မေး**----ဆရာမရှင့်-----ခုလိုမိုးရာသီမှာစံပယ်ပန်းတွေလှိုင်လှိုင်ပွင့်နေပါပြီဒီပန်းလေးတွေနှင့်ပတ်သက်လို့ ဆရာမအနေနဲ့ တိုင်းရင်းဆေးပညာအရဆေးဖက်ဘယ်လိုအသုံးဝင်တယ်ဆိုတာကိုရှင်းပြဆွေးနွေး ပေးမယ်ဆိုလို့ဝမ်းသာပါတယ်ရှင်--------ရှင်းပြပေးပါအုန်းရှင်--

**ဖြေ**-----ဟုတ်ကဲ့ပါ ခုလိုမိုးရာသီမှာ စံပယ်ပန်းတွေလှိုင်လှိုင်ပွင့်တာတွေ့တော့ဆရာမလည်းသတိတယနဲ့ ဒါကိုဆွေးနွေးဖြစ်တာပါ စံပယ်ပန်းရဲ့ရုက္ခအမည်ကတော့ Jasminum pubescens willd ဖြစ်ပါတယ် မျိုးရင်းကတော့ OLEACEAE မှာပါဝင်ပါတယ် မြန်မာအမည်ကတော့ စံပယ်ပါအင်္ဂလိပ် လိုကတော့ အများသိပြီးဖြစ်တဲ့ jasmine ဖြစ်ပါတယ် သူဟာချုံပင်အမျိုးအစား ဖြစ်တယ်ကဆုန်နယုန်လ တွေမှာ ဖူးပြီးတော့ ဝါဆိုဝါခေါင် မိုးရာသီမျာပွင့်ကြပါတယ် အချို့ကလဲ ရေလောင်းပြီး ပွင့်စေပါတယ် မြန်မာနိုင်ငံ အနှံ့အပြားမှာ ပေါက်ရောက်ပါတယ် အထူးသဖြင့်တော့ မြန်မာပြည်အောက်ပိုင်းဒေသတွေမှာ

ပေါက်ရောက်တာများပါတယ် စိုက်ပျိုးပင်အဖြစ်တွေ့ရပါတယ်။ တိုင်းရင်းဆေးအသုံးအနေနဲ့ကတော့ အ ရွက် အပွင့် အမြစ်တွေကို အသုံးပြုတာဖြစ်ပါတယ်။

**မေး**------ဟုတ်ကဲ့ပါဆရာမ ဆက်ရှင်းပြပေးပါအုံးရှင်---

**ဖြေ-------**စံပယ်ပန်းရဲ့တိုင်းရင်းဆေးအကျိုးသွားနဲ့ အာနိသင်တွေကတော့ အရသာအားဖြင့် အေး ချို ခါး ဖန်မွေး အရသာရှိပါတယ် ဝမ်းမီးကိုတောက်စေပြီး သလိပ်ကိုထွက်စေပါတယ် တွန့်ရှုံ့စေတတ်ပြီး

လူကိုဝဖြိုးစေပါတယ်။မီးယပ်သွေးချုပ်ရောဂါ ချောင်းဆိုးရောဂါ နှလုံးဆီးချို သည်းခြေဒေါသဖောက်ပြန်သောရောဂါ ကိုယ်သားကိုယ်ရေ အလွန်ပူသောရောဂါ ရေငတ်ခြင်း အရေပြားရောဂါ သွားကိုက်သွားနာ အိပ်မပျော်ခြင်း စကားပြောမမှန်ခြင်မကြာခဏထိတ်လန့်ခြင်းမူးဝေခြင်းတိုကိုသက်သာပျောက်ကင်းစေပါတယ်။ ဆက်လက်ပြီး စံပယ်ပန်းရဲ့တိုင်းရင်းဆေးဖက်အသုံးဝင်ပုံတွေကိုတင်ပြပါ့မယ် ။ မီးယပ်သွေးချုပ်ရောဂါအတွက် စံပယ်ရွက်သတ္တုရည်ဟင်းစားဇွန်း(၁)ဇွန်းစာသောက်ပေးရင်သက်သာပျောက်ကင်းစေပါတယ် သလိပ်တွေများပြီး ချောင်းဆိုးနေရင် စံပယ်ရွက်(၇)ရွက်သတ္တုရည်ကိုပဲ ကြက်သွန်ဖြူသတ္တုရည်လက်ဖက်ရည်ဇွန်း(၁)ဇွန်ပိတ်ချင်းမှုန့်လက်ဖက်ရည်ဇွန်း(၁)ဇွန်းတိုနဲ့ရောစပ်တိုက်ပေးမယ်ဆိုရင်သက်သာပျောက်ကင်းစေပါတယ်။ကလေး များချောင်းဆိုးရင်တော့ စံပယ်ရွက်အခြောက်မှုန့်ရယ် ပေါက်ပန်းဖြူရွက်သတ္တုရည်နှင့် လက်ချားရွေး(၁)ရွေးသား ငရုတ်ကောင်းရွေးလေး(၁)ရွေးတို့ကိုအမှုန့်ပြုပြီးတော့ပျားရည်နဲ့ရောလို့လျက်ပေးနိုင်ပါတယ်။

အမိကကတော အဆုတ်နဲ့ပတ်သက်တဲ့ရောဂါတွေကို သက်သာပျောက်ကင်းစေပါတယ် အဆုတ်လေပြွန်ရောင်ခြင်း အဆုတ်အအေးမိခြင်းချောင်းဆိုးခြင်းတွေ ဖြစ်တဲ့အခါမျာ မှာ စံပယ်သတ္တုရွက်ငရုတ်ကောင်းစေ့ကြက်သွန်ဖြူဒန့်သလွန်မြစ်ပျား၇ည်တို့နဲ့ရောစပ်ပြီးလျက်ပေးမယ်ဆိုရင်သက်သာသာပျောက်ကင်းစေပါတယ် လူနာရဲ့အင်အားကိုကြည့်၍တိုက်ရပ့ါမယ် ဒီဆေးကိုတိုက်ခြင်းဖြင့် အန်၍သော်၄င်း ဝမ်းသွား၍သော်၄င်းသလိပ်များထွက်လာပါလိမ့်မယ် ဒ့ါအပြင် ကင်းဆိပ်မိခဲ့ရင်စံပယ်ရွက်နဲ့မန်ကျည်းသီးစိမ်းထောင်းပြီးကင်းကိုက်တာပဲဖြစ်ဖြစ်ငါးရှုံးဆူးတာပဲဖြစ်ဖြစ်အုံပေးပါကအဆိပ်ကိုသက်သာစေပါတယ် အထူးသဖြင့် စံပယ်ပန်းပွင့်လက်ဖက်ခြောက်ဟာနံ့မည်ကြီးပါပဲ ချွေးထွက်စေပြီး ဆီးနီဆီးနည်းဆီးပူရောဂါတွေကိုသက်သာပျောက်ကင်းစေပါတယ်ထန်းလျက်ပြုတ်ရည်မှာစံပယ်ရွက်(၂)ရွက်ထည့်သောက်ပေးမယ်ဆိုရင် မီးယပ်သွေးချုပ်ဂေ့ာဂါကိုသက်သာပျောက်ကင်းစေပါတယ်။

စံပယ်ပွင့်မှာပါဝင်တဲ့ဒြပ်ပေါင်းကတော့essentiol oils geraniol ဖြစ်ပါတယ်။

စံပယ်ပွင့်နဲ့ပတ်သက်လို့ပြောချင်ပါသေးတယ် စံပယ်ပန်းကိုရနံ့ကုထုံးအဖြစ် အသုံးပြုနိုင်ပါတယ် စံပယ်ပန်းကိုအမျိုးသမီးများ ဆံကေသာမှာပန်ဆင်ထားရင်မိမိရောပတ်ဝန်းကျင်ကလူတွေပါစိတ်ကြည်နူးစေပါတယ်အိပ်ရာဘေးမှာထားအိပ်ရင်အိပ်ပျော်စေပါတယ်နှလုံးအားရှိစေပြီးစိတ်ကြွည်လင်လန်းဆန်းစေပါတယ်စံပယ်ပန်းခြောက်ကို ခေါင်းအုံးလုပ်ပြီးအိပ်ရင် ခေါင်းအုံခေါင်းကိုက်တဲ့ဝေဒနာကိုသက်သာစေပါတယ် နားအူနားလေး နားလေထွက်တဲ့ဝေဒနာကိုလည်း သက်သာစေနိုင်ပါတယ် တိုင်းရင်းဆေး ဆေးဖုံအမှတ်များ

တွင် အမှတ်(၁၅) အပူနိုင်သည်းခြေဆေးတွင် အပွင့်များနှင့်ဖော်စပ်ထားပြီး စံပယ်ပန်းပွင့်လည်းအပါအဝင် ဖြစ်ပါတယ် မူးဝေမောပန်း နှလုံးတုန် ရင်ခုန်ရောဂါများအတွက်အသုံးပြုပါတယ် အဓိကကတော့အပူလွန်နာ တွေပျောက်ကင်းပါတယ်။

**မေး-------**ခုလိုပြည့်ပြည့်စုံစုံရှင်းပြပေးသောဆရာမကိုကျေးဇူးတင်ပါတယ်ရှင်။

**ဖြေ------**ဆရာမကလည်းတိုင်းရင်းဆေးပညာနဲ့ပတ်သက်လို့အသိပညာပေးတင်ပြခွင့်ပေးတဲ့မြန်မာ့အသံ နဲ့သောတရှင်ပြည်သူလူထုကိုအထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်-----------သောတရှင်အပေါင်းကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာတော်မူကြပါစေရှင်---------------။